# နေထိုင်ခွင့်ဗီဇာကို "အချိန်တိုနေထိုင်မှု"ကနေ "အထူးသတ်မှတ်ထားတဲ့လှုပ်ရှားမှု"ကို ပြောင်းလိုက်ရင် အချိန်ပိုင်းအလုပ်လုပ်နိုင်ပြီး ယန်း၁သိန်း ရနိုင်ပါတယ်။




ပညာတော်သင်
3/31အထိ







4/1〜5/28
အချိန်တို
နေထိုင်မှု

5/29〜
အထူးသတ်မှတ်ထားတဲ့လှုပ်ရှားမှု

## [နမူနာ-၁]ပညာတော်သင်ကျောင်းသားရဲ့ဖြစ်စဉ်



・မတ်လ ၁၀ရက်နေ့မှာ ဂျပန်ဘာသာကျောင်းကို အောင်မြင်ခဲ့တယ်။

・မတ်လ ၃၁ရက်နေ့မှာ "ပညာတော်သင်" နေထိုင်ခွင့်ဗီဇာကုန်ဆုံးသွားတယ်။

・ဧပြီလ ၁ရက်နေ့မှာ နေထိုင်ခွင့်ဗီဇာက "အချိန်တိုနေထိုင်မှု" ဖြစ်သွားတယ်။

＊အထူးကန့်သတ်ထောက်ပံ့ငွေ (ယန်း ၁သိန်း) မရနိုင်ပါ 😢

・မေလ ၂၀ရက်နေ့မှာ **ဂျပန်ရဲ့စည်းမျဉ်း ပြောင်းလဲခဲ့ပါတယ်။**

・မေလ ၂၁ရက်နေ့မှာ လဝကရုံးမှာ "အထူးသတ်မှတ်ထားတဲ့လှုပ်ရှားမှု"ကိုလျှောက်ထားခဲ့ပါတယ်။

・မေလ ၂၉ရက်နေ့မှာ **နေထိုင်ခွင့်ဗီဇာက "အထူးသတ်မှတ်ထားတဲ့လှုပ်ရှားမှု (အချိန်ပိုင်းအလုပ် လုပ်နိုင်)" ဖြစ်သွားခဲ့ပါတယ်။**

・မြို့နယ်ရုံးမှာ အထူးကန့်သတ်ထောက်ပံ့ငွေကို လျှောက်ပါတယ်။

၁ပတ်မှာအများဆုံး ၂၈နာရီ

**→ အထူးကန့်သတ်ထောက်ပံ့ငွေ (ယန်း ၁သိန်း)ရပါမယ်။ အချိန်ပိုင်းအလုပ်လည်းလုပ်နိုင်တယ်။😀**

《နေထိုင်ခွင့်ဗီဇာပြောင်းချိန်》 ●တိုကျို လဝကရုံး --ဇူလိုင်လ ၃၁ရက်မတိုင်ခင်ဆိုရင် စာတိုက်ကပို့ပါ။

■အခြား လဝကရုံး -- ရုံးကိုသွားပါ။